(၂) စီးပွားဆက်ဆံဆောင်ရွက်မှုထူထောင်ပြီးနောက် သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှု တစ်ရပ်ဆောင်ရွက်ပြီးနောက် ဆက်သွယ်ဆောင်ရွက်သူအပေါ် အတည်ပြုစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ။

(စ) ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ ဖလှယ်ရေး၊ စုံစမ်းစစ်ဆေးရေး၊ အရေးယူရေးတို့နှင့်စပ်လျဉ်း၍ ကုလသမဂ္ဂကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ငွေကြေးခဝါချ၍ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ ဖွဲ့စည်း ဆောင်ရွက်ခြင်းမပြုနိုင်စေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများအား လမ်းညွှန်ခြင်း၊

(ဇ) နိုင်ငံတော်၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်း စဉ်တွင် ပါဝင်သည့် သတင်းပို့အဖွဲ့အစည်းများကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍနှင့် တားဆီးနှိမ်နင်းရေးကဏ္ဍတို့မှ ပြည်သူ့ဝန်ထမ်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာ ပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းစဉ် မူဝါဒချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဈ) ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြခြင်း။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

**အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအခန်း (၃)၊ ပုဒ်မ ၄ နှင့် ၅ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် **မူးယစ်ဆေးဝါးနှင့် စိတ်ကို**

**ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဥက္ကဋ္ဌ<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီး<br>အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး | အဖွဲ့ဝင် |
| (ဏ) | စစ်ဦးစီးဗိုလ်မှူးချုပ်<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (တ) | ဗိုလ်မှူးကြီး<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |

(ထ) ဌာနကြီးမှူး | အဖွဲ့ဝင်
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဒ) ရဲချုပ် | အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဓ) တပ်ဖွဲ့မှူး | တွဲဖက်အတွင်းရေးမှူး
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊

(ဂ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့များနှင့် ဒေသဆိုင်ရာအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊ လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) သီးနှံများ အစားထိုးစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြေယာများ ဖော်ထုတ်ပေးရေး၊ မြေယာချထားပေးရေး၊ အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးရေးနှင့် လိုအပ်သည့်အကူအညီများပေးရေးတို့အတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(င) ဆေးဝါးသုံးစွဲသူများအား စာရင်းကောက်ယူ၍ ဆေးကုသပေးရေး၊ အသိပညာပေးရေး၊ ပညာပေး လှုံ့ဆော်ရေးနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲမှုကြောင့် ဖြစ်ပေါ် လာသည့်အန္တရာယ်လျှော့ချပေးရေးတို့နှင့်စပ်လျဉ်း၍ အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(စ) ဆေးဝါးသုံးစွဲသူများကို ပြန်လည်ထူထောင်ပေးရေးနှင့်စပ်လျဉ်း၍ စီမံချက်များချမှတ်ပြီး စည်းရုံး လှုံ့ဆော်ခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ သင့်လျော်သော ကူညီထောက်ပံ့မှုများပေးခြင်း၊ ကောင်းမွန်သော လူနေမှုဘဝသို့ ပြန်လည်ရောက်ရှိစေရန် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည် ထူထောင်မှုပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊

(ဆ) ဗဟိုအဖွဲ့မှ ချမှတ်သော လုပ်ငန်းစဉ်များ စနစ်တကျနှင့် အောင်မြင်မှု ရှိ မရှိ စိစစ်ခြင်း၊ ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဇ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများကို သတ်မှတ်ချက်နှင့်အညီ ဖျက်ဆီးခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်း၊

(ဈ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပါ ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို သက်ဆိုင်ရာရှာဖွေသိမ်းဆည်းပိုင်ခွင့်ရှိသူများအား စစ်ဆေး ကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်ပြုရန်နှင့် သက်သေခံပစ္စည်းသိမ်းဆည်းခွင့်ပြုရန် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား အမိန့်ထုတ်ဆင့်ညွှန်ကြားခြင်း၊

(ည) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပါ ပြစ်မှုနှင့်သက်ဆိုင်သည့် ဆက်သွယ်ရေးဆိုင်ရာမှတ်တမ်းများကိုသက်ဆိုင်ရာရှာဖွေသိမ်းဆည်းပိုင်ခွင့်ရှိသူများအားစစ်ဆေးကြည့်ရှုခွင့်၊မိတ္တူကူးယူခွင့်ပြုရန်နှင့်သက်သေခံပစ္စည်းသိမ်းဆည်းခွင့်ပြုရန်သက်ဆိုင်ရာဆက်သွယ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား အမိန့်ထုတ်ဆင့်ညွှန်ကြားခြင်း၊

( ဋ ) သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ပိုင်ရှင်မပေါ်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများကို လိုအပ်သလို စီမံခန့်ခွဲခြင်း၊

( ဌ ) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ သဘောတူညီချက်နှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူသောပြစ်မှုနှင့်စပ်လျဉ်း၍ ဆုငွေချီးမြှင့်ရေးအတွက် လိုအပ်သလို စီမံခန့်ခွဲခြင်း၊

( ဍ ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများ၏အခြေအနေကိုအမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသို့အခါအားလျော်စွာအစီရင်ခံခြင်း၊

( ဎ ) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဏ) ဗဟိုအဖွဲ့၏ရန်ပုံငွေ ထူထောင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများကိုကြီးကြပ်ဆောင်ရွက်ခြင်း၊

(တ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းဆိုင်ရာ ပြစ်မှုကျူးလွန်သူများနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများတရားခံလွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များပေါ်ပေါက်လျှင် တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ထ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို ပြည်သူများသိရှိနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊

( ဒ ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ ကျန်းမာဖွံ့ဖြိုးသည့်လူမှုဘဝများ ဖြစ်ပေါ်လာစေရန် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ လူမှုအသိုင်းအဝိုင်းအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို အားပေးကူညီခြင်းဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ခြင်း၊

( ဓ ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်မည့်ဆိုးကျိုးများအား လူမှုရေးမီဒီယာများနှင့် အခြားသောသတင်းမီဒီယာများမှတစ်ဆင့် ကျောင်းအတွင်း၊ ကျောင်းပြင်ပနှင့်လုပ်ငန်းခွင်နေရာများတွင်ပါကျယ်ကျယ်ပြန့်ပြန့်အသိပေးဆောင်ရွက်ရန်ကြီးကြပ်လမ်းညွှန်ခြင်း၊

( န ) ပြည်သူ့ကျန်းမာရေး၊ ပညာရေးနှင့် ဥပဒေအရ အကောင်အထည်ဖော်ရေးဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊

( ပ ) တစ်နှစ်လျှင်အနည်းဆုံးတစ်ကြိမ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူသို့ အသိပေးရှင်းလင်းတင်ပြခြင်း။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

**ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် **ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ (Biological Weapons Convention – BWC National Authority)** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဌာနကြီးမှူး<br>အထူးစစ်ဆင်ရေးဆိုင်ရာ ဆေးဘက်သုတေသနဌာနကြီး<br>တပ်မတော်ဆေးသုတေသနတပ်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူး<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အထွေထွေမန်နေဂျာ<br>မြန်မာ့ဆေးဝါးလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပါမောက္ခ/ဌာနမှူး<br>သတ္တဗေဒဌာန၊ မန္တလေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>ဇီဝနည်းပညာသုတေသနဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး (ရောဂါဗေဒ)<br>အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)<br>ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ဒုတိယရဲမှူးကြီး　　အဖွဲ့ဝင်
လက်နက်ခဲယမ်းနှင့် ပေါက်ကွဲမှုစစ်ဆေးရေးဌာန
မှုခင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ည) ဒုတိယညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဋ) ဒုတိယညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဌ) ဒုတိယညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဍ) ဒုတိယညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ်　　အတွင်းရေးမှူး
ဇီဝနည်းပညာသုတေသနဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ်　　တွဲဖက်အတွင်းရေးမှူး
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

၂။ ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Biological Weapons Convention) ဆိုင်ရာ အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေပြဋ္ဌာန်းနိုင်ရန်နှင့် အခြားလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အဆိုပြုတင်ပြခြင်း၊

(ခ) ဥပဒေ၊ နည်းဥပဒေများ အကျိုးသက်ရောက်မှုရှိနိုင်စေရန် အကြံပြုခြင်း၊ စောင့်ကြည့်စစ်ဆေးပေးခြင်းများအား ဆောင်ရွက်ခြင်း၊

(ဂ) ဇီဝပစ္စည်းများအား ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်အသုံးပြုနိုင်စေရန် ခွင့်ပြုချက်လိုင်စင်များ သတ်မှတ်ပေးခြင်းများကို ဆောင်ရွက်ခြင်း၊

(ဃ) ဇီဝလက်နက်တားဆီးပိတ်ပင်ရေးဆိုင်ရာ စီမံခန့်ခွဲနေမှုများအား အတည်ပြုစစ်ဆေးနိုင်ရေးအတွက် အမျိုးသားစနစ်တစ်ခု ထူထောင်နိုင်ရန် ဆောင်ရွက်ခြင်း၊

(င) ဇီဝပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊ အဆိပ်များနှင့် နှစ်မျိုးသုံးပစ္စည်းများ၊ ကိရိယာနှင့် နည်းပညာများအား ပြည်တွင်းပြည်ပသို့ လွှဲပြောင်းမှုများအား စောင့်ကြည့်စစ်ဆေးပေးခြင်းများဆောင်ရွက်ခြင်း၊

(စ) ဇီဝဆိုင်ရာ အရေးပေါ်အခြေအနေများဖြစ်ပေါ်လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်မည့် အမျိုးသားစနစ်တစ်ခုဖန်တီးခြင်းနှင့် ပြုပြင်ထိန်းသိမ်းပေးခြင်းများအား ဆောင်ရွက်ခြင်း၊

(ဆ) ဆောင်ရွက်ပြီးသော လုပ်ငန်းစဉ်များအား ပြည်ထောင်စုအစိုးရအဖွဲ့သို့ အချိန်မှန် အစီရင်ခံစာပေးပို့ခြင်း၊

(ဇ) ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Biological Weapons Convention–BWC) နှင့်သက်ဆိုင်သော အကြောင်းအရာကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ အကြံပြုခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဈ) ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် အကောင်အထည်ဖော်ဆောင်ရွက်ရေး အထောက်အကူပြု အဖွဲ့ (Biological Weapons Convention Implementation Support Unit) အတွက် အမျိုးသား အဆင့် အဆက်သွယ်ပြုနိုင်သူ (National Point of Contact) အဖြစ် ဆောင်ရွက်ခြင်း၊

(ည) ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Biological Weapons Convention–BWC) နှင့်ဆိုင်သော နိုင်ငံတကာတာဝန်ဝတ္တရားများ (Obligations) အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်သော သတင်းအချက်အလက်များအား အခြားစာချုပ်ဝင်နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်း များသို့ ပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဋ) ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Biological Weapons Convention – BWC) အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အတွေ့အကြုံများအားမျှဝေခြင်းနှင့် ကူညီပံ့ပိုးမှု များအား ဆောင်ရွက်ခြင်း၊

(ဌ) လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် နှစ်စဉ်တင်သွင်းရမည့် ဇီဝလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်ဆိုင်ရာ ယုံကြည်မှုတည်ဆောက်ရေးအစီအမံများ (Confidence Building Measures–CBMs) အား အသင့်ပြင်ဆင်ခြင်းနှင့် အချိန်မီတင်သွင်းပေးပို့နိုင်ရန် ဆောင်ရွက်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

## ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် **ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ (Chemical Weapons Convention – CWC National Authority)** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

(က) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

( ခ )　ဌာနကြီးမှူး　အဖွဲ့ဝင်
ကာကွယ်ရေးသုံးဒြပ်ပစ္စည်းနှင့် စက်ကိရိယာဌာနကြီး
ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

( ဂ )　ပါမောက္ခချုပ်　အဖွဲ့ဝင်
တပ်မတော်သိပ္ပံနှင့် နည်းပညာသုတေသနဌာန
ကာကွယ်ရေးဝန်ကြီးဌာန

(ဃ)　ညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

( င )　ဒုတိယတပ်ဖွဲ့မှူး　အဖွဲ့ဝင်
မှုခင်းရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

( စ )　ဒုတိယညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဆ)　ဒုတိယညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

( ဇ )　ဒုတိယညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

( ဈ )　ဒုတိယညွှန်ကြားရေးမှူးချုပ် (အမျိုးသားဓာတ်ခွဲခန်း)　အဖွဲ့ဝင်
သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ည)　ဒုတိယပါမောက္ခချုပ်　အဖွဲ့ဝင်
မန္တလေးနည်းပညာတက္ကသိုလ်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

( ဋ )　ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

( ဌ )　ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

( ဍ )　ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
စိုက်ပျိုးရေးသုတေသနဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူး (ကုန်ထုတ်) | အဖွဲ့ဝင်
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဓ) ပါမောက္ခ/ဌာနမှူး | အဖွဲ့ဝင်
ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(န) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
စီမံဌာန (ရုံးချုပ်)၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ပ) ညွှန်ကြားရေးမှူး (အမျိုးသားဓာတ်ခွဲခန်း) | အဖွဲ့ဝင်
သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဖ) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဗ) ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး
သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

၂။ ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Chemical Weapons Convention – CWC) နှင့် ကိုက်ညီသော ဥပဒေ၊ နည်းဥပဒေများရေးဆွဲ၍ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အကူအညီပေးခြင်း၊

(ခ) အပြည်ပြည်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့များ လာရောက်စစ်ဆေးပါက လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး အကူအညီပေးခြင်း၊

(ဂ) နယ်သာလန်နိုင်ငံ၊ The Hague မြို့ရှိ OPCW ဌာနချုပ်သို့ နှစ်စဉ်ကြေညာရမည့် အဆိပ်ဖြစ်စေသည့် ဓာတုပစ္စည်းများ၏ အမည်စာရင်းနှင့် အရေအတွက်အား စာရင်းစုဆောင်းခြင်းနှင့် ကြေညာပေးခြင်း၊

(ဃ) ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Chemical Weapons Convention – CWC) အရ သတ်မှတ်ထားသော အဆိပ်ဖြစ်စေသည့် Schedule Chemicals များနှင့်သက်ဆိုင်သည့် လုပ်ဆောင်ချက်များအတွက် ခွင့်ပြုမိန့် ထုတ်ပြန်ပေးခြင်း၊

(င) ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Chemical Weapons Convention – CWC) အဖွဲ့ဝင်နိုင်ငံများ၊ အခြားအဖွဲ့အစည်းများအကြား ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Chemical Weapons Convention – CWC) ၏ လုပ်ငန်းတာဝန်များအား ကျေပွန်စွာဆောင်ရွက်နိုင်ရန် သင့်လျော်သည့် သတင်းအချက်အလက်များ မျှဝေနိုင်ရေး အကူအညီပေးခြင်း၊

(စ) နိုင်ငံတွင်း ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Chemical Weapons Convention – CWC) ၏ လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် နည်းဥပဒေများဖြင့် ထိန်းချုပ်ခြင်း၊ ကြီးကြပ်ခြင်းများ ဆောင်ရွက်ခြင်း၊

(ဆ) အမျိုးသားအဆင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များ (National Inspectors) အတွက် လိုအပ်သော လမ်းညွှန်မှုများ ထုတ်ပြန်ပေးခြင်း၊

(ဇ) လုပ်ငန်းများအတွက် အသုံးစရိတ်များအား စည်းကြပ်ရန်နှင့် ဓာတုလက်နက် တားဆီးပိတ်ပင်ရေးစာချုပ် (Chemical Weapons Convention – CWC) ၏ လုပ်ငန်းများနှင့်စပ်လျဉ်းသော မည်သည့်ဖြစ်ရပ်များအတွက်မဆို လုပ်ဆောင်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

### နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားသည့် နိုင်ငံခြားသားနှင့် မြန်မာနိုင်ငံသားဟောင်းများအား လိုအပ်ချက်နှင့်အညီ စနစ်တကျရွေးချယ်စိစစ်ခွင့်ပြုနိုင်ရေးအတွက် **နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး　　ဥက္ကဋ္ဌ
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

| | | |
|---|---|---|
| (ခ) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အတွင်းရေးမှူး<br>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (PR) စနစ်ကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဦးဆောင်မှုပေးခြင်း၊

(ခ) နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (PR) စနစ်နှင့်စပ်လျဉ်း၍ နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသည့် စနစ်များကိုလေ့လာ၍ နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်အကျိုးစီးပွားကို ဦးတည်ဖော်ဆောင်ပေးသည့် စနစ်တစ်ရပ်ဖြစ်စေရန် စဉ်ဆက်မပြတ်ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဂ) သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့် အတွေ့အကြုံရှိ အကြံပြုသူအသီးသီးကတင်ပြသည့် အစီအစဉ်များကိုအခြေခံ၍ လိုအပ်သော လမ်းညွှန်မှုပြုခြင်း၊

(ဃ) ကျယ်ပြန့်သော သတင်းပြန်ကြားရေးကွန်ရက်တစ်ရပ် ထူထောင်ဆောင်ရွက်နိုင်ရေးအတွက် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(င) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုကြောင်းဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားခြင်း၊

(စ) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ရသူမိဘက မြန်မာနိုင်ငံအတွင်း ကလေးမွေးဖွားခြင်း၊ ကလေးသေဆုံးခြင်းဆိုင်ရာ တင်ပြချက်ကို မှတ်တမ်းတင်ခြင်း၊

(ဆ) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ရသူ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဇ) နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်း၊ အမြဲနေထိုင်ခွင့်သက်တမ်းနှင့် နှစ်စဉ်သက်တမ်း အတည်ပြုမှတ်ပုံတင်ခြင်း၊ အမြဲနေထိုင်ခွင့်လက်မှတ်မိတ္တူထုတ်ပေးခြင်း၊ အမြဲနေထိုင်ခွင့်ရရှိသူ၏ ကိုယ်ရေးဖြစ်စဉ်ပြောင်းလဲခြင်း၊ အမြဲနေထိုင်ခွင့်လက်မှတ်ပယ်ဖျက်ခြင်း၊ မြန်မာနိုင်ငံအတွင်း မွေးဖွားသော ကလေးအမည်ကို အမြဲနေထိုင်ခွင့်လက်မှတ်တွင် ဖြည့်စွက်ခြင်းနှင့် သေဆုံးသော ကလေးအမည်စာရင်းကို အမြဲနေထိုင်ခွင့်လက်မှတ် အမည်စာရင်းမှ ပယ်ဖျက်ခြင်းတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုများအား အတည်ပြုပေးခြင်း၊

(ဈ) နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုနိုင်ရေးအတွက် ရွေးချယ်ရန် အမှတ်ပေးစနစ် (Point System) ကို ခေတ်နှင့်အညီဖြစ်စေရန် သတ်မှတ်ခြင်း၊

(ည) နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခြင်း၊

(ဋ) နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း၊

(ဌ) လုပ်ငန်းကော်မတီကတင်ပြသော အမြဲနေထိုင်ခွင့်လျှောက်ထားချက်ကိုစိစစ်၍ ဆုံးဖြတ်ခြင်း၊

(ဍ) နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ရုပ်သိမ်းခြင်းနှင့် ပယ်ဖျက်ခြင်းဆိုင်ရာကိစ္စရပ်များကိုစိစစ်၍ ဆုံးဖြတ်ခြင်း၊

(ဎ) နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ယူခြင်းတို့ကို သတ်မှတ်ရက်အတွင်း ဆောင်ရွက်နိုင်ခြင်းမရှိ၍ တင်ပြသော အကြောင်းပြချက်ကို ခိုင်လုံမှု ရှိ မရှိ စိစစ်ဆုံးဖြတ်ခြင်း၊

(ဏ) အမြဲနေထိုင်ခွင့်ရရှိပြီး သတ်မှတ်ကာလပြည့်မြောက်သည့် မြန်မာနိုင်ငံသားဟောင်းက မြန်မာနိုင်ငံသား အဖြစ်သတ်မှတ်ပေးရန် လျှောက်ထားချက်ကိုစိစစ်၍ မြန်မာနိုင်ငံသားဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်းနှင့် တင်ပြခြင်း၊

(တ) ကျွမ်းကျင်ပညာရှင်ကဖြစ်စေ၊ ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ကိုင်သူကဖြစ်စေ လုပ်ငန်းပြောင်းလဲ လုပ်ကိုင်ခွင့် တင်ပြချက်ကို စိစစ်ဆုံးဖြတ်ခြင်း၊

(ထ) နိုင်ငံတော်၏ အကျိုးငှာ အမြဲနေထိုင်ခွင့်ရရှိသူ လိုက်နာရမည့် တားမြစ်ချက်နှင့် ကန့်သတ်ချက်များကို အခါအားလျော်စွာထုတ်ပြန်ခြင်း၊

(ဒ) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာကိစ္စနှင့်စပ်လျဉ်း၍-

(၁) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အကြံပေးပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၂) လိုအပ်သောပြည်တွင်းပြည်ပမှ နည်းပညာနှင့် ပစ္စည်းကိရိယာ အကူအညီများရယူဆောင်ရွက်ခြင်း။

(ဓ) မိမိ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရေးအတွက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်း ဆိုင်ရာ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏ လုပ်ငန်းတာဝန်သတ်မှတ်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

**မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (Permanent Residence System) စနစ် စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့် စနစ် ကျင့်သုံးအကောင်အထည်ဖော်ရာတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများနှင့် ပတ်သက်သည့် လိုအပ်ချက်များ၊ စနစ်တစ်ခုလုံးအတွက် လိုအပ်ချက်များကို တည်ဆဲဥပဒေများနှင့် လည်းကောင်း၊ နိုင်ငံတကာစံနှုန်းများနှင့်လည်းကောင်း ကိုက်ညီစေရန် ကျယ်ကျယ်ပြန့်ပြန့်လေ့လာမိုငြမ်း၍ စီမံခန့်ခွဲနိုင်ရေးအတွက် **မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (Permanent Residence System) စနစ် စီမံခန့်ခွဲမှုကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အတွင်းရေးမှူး<br>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (Permanent Residence System) စနစ် စီမံခန့်ခွဲမှု ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (PR) စနစ် တစ်ရပ်လုံးကို နိုင်ငံတော်အစိုးရ၏ မူဝါဒ လိုအပ်ချက်များနှင့်အညီ ပြီးမြောက်အောင်မြင်စေရေးအတွက် ဦးဆောင်မှုပေးခြင်း၊

(ခ) မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (PR) စနစ်နှင့်စပ်လျဉ်း၍ နိုင်ငံတကာတွင် ဆောင်ရွက် နေကြသည့် စနစ်များကိုလေ့လာ၍ နိုင်ငံတော်၏ တည်ဆဲဥပဒေများအပေါ်တွင်အခြေခံပြီး နိုင်ငံတော်၏

အကျိုးစီးပွားကို ဦးတည်ဖော်ဆောင်ပေးသည့်စနစ်တစ်ရပ်အဖြစ် ပေါ်ပေါက်လာစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဂ) တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ကနဦး လိုအပ်ချက်၊ အရည်အချင်းသတ်မှတ်ချက်၊ အရေအတွက်၊ လျှောက်ထားရန် အထောက်အထား၊ အခကြေးငွေ၊ အခွန်၊ အကောက်ခွန်၊ ပြည်ဝင် ပြည်ထွက်၊ အိမ်ရာအဆောက်အအုံပိုင်ဆိုင်ခွင့်၊ မိသားစုဝင်ကိစ္စ၊ အလုပ်ရှင်နှင့် အလုပ်သမားကိစ္စရပ်များအပါအဝင် လိုအပ်ချက်များကို သတ်မှတ်ပေးနိုင်ရေးအတွက် ဦးဆောင်ကြပ်မတ်ဆောင်ရွက်ပေးခြင်း၊

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအသီးသီးနှင့် အတွေ့အကြုံရှိ အကြံပြုသူအသီးသီးတို့က တင်ပြသည့် အစီအစဉ်များအပေါ်အခြေခံ၍ ဆောင်ရွက်သင့်သည့် အချက်များကို အတည်ပြုပေးခြင်း၊

(င) ကျယ်ပြန့်သော သတင်းပြန်ကြားရေးကွန်ရက်တစ်ရပ် ထူထောင်ဆောင်ရွက်နိုင်စေရေးအတွက် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(စ) စနစ်တစ်ရပ်လုံးအပေါ် စဉ်ဆက်မပြတ် လေ့လာသုံးသပ် သုတေသနပြုလုပ်၍ ပြောင်းလဲနေသော အခြေအနေနှင့် ကိုက်ညီမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်ပေးခြင်း၊

(ဆ) မြန်မာနိုင်ငံတွင် နိုင်ငံသားအမြဲနေထိုင်ခွင့် (PR) စနစ်နှင့်စပ်လျဉ်း၍ လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်း၊ (ပြည်ထောင်စုအဆင့် အဖွဲ့အစည်းမဟုတ်၍ မဖော်ပြခြင်း)

(ဇ) သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ နိုင်ငံတကာနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အကြံပေး ပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) လိုအပ်သော ပြည်တွင်း ပြည်ပမှ နည်းပညာနှင့် ပစ္စည်းကိရိယာအကူအညီများအတွက် ပြည်ထောင်စု အစိုးရအဖွဲ့ ခွင့်ပြုချက်ဖြင့် လိုအပ်သလို စီမံခန့်ခွဲအသုံးပြုခြင်း။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

### နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့်ရသူ ဟုတ် မဟုတ် ဗဟိုအဖွဲ့သို့ တင်ပြအဆုံးအဖြတ်ခံယူရန် လိုအပ်သူများအား စိစစ်ပေးနိုင်ရေး အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် မြို့နယ်အဆင့် **နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့များ** ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့**

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင် (၁) ဦး	ဥက္ကဋ္ဌ

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ — အဖွဲ့ဝင်

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်မှ တာဝန်ပေးအပ်သည့် ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၅) လျှောက်ထားသူနှင့် သက်ဆိုင်သည့်ဒေသမှ ဌာနဆိုင်ရာ အများကြည်ညိုလေးစားခံရသူ (၂) ဦး — အဖွဲ့ဝင်

(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အတွင်းရေးမှူး

**( ခ ) မြို့နယ် နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စိစစ်ဆေးရေးအဖွဲ့**

(၁) မြို့နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဥက္ကဋ္ဌ

(၂) မြို့နယ်ရဲတပ်ဖွဲ့မှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ — အဖွဲ့ဝင်

(၃) မြို့နယ်ဥပဒေအရာရှိ မြို့နယ်ဥပဒေရုံး — အဖွဲ့ဝင်

(၄) လျှောက်ထားသူနှင့် သက်ဆိုင်သည့်ဒေသမှ ဌာနဆိုင်ရာ အများကြည်ညိုလေးစားခံရသူ (၂) ဦး — အဖွဲ့ဝင်

(၅) မြို့နယ်ဦးစီးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အတွင်းရေးမှူး

၂။ စိစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၆၅ အရ နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ် မဟုတ် အဆုံးအဖြတ်ခံယူရန် အထောက်အထားများနှင့်တကွ တင်ပြလျှောက်ထားသူများအား ပြဋ္ဌာန်းထားသော ဥပဒေပုဒ်မများနှင့် အကျုံးဝင်ညီညွတ်သည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဟုတ် မဟုတ် စိစစ်ဆေးခြင်း၊

( ခ ) နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအဖြစ် ပြဋ္ဌာန်းသတ်မှတ်ထားသော ဥပဒေနှင့်ညီညွတ်သူများအား ဥပဒေအရ သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ မရှိ စိစစ်ဆေးခြင်း၊

( ဂ ) လျှောက်လွှာ၌ ဖော်ပြထားသော သားသမီးများအား မှန်ကန်မှု ရှိ မရှိ၊ နိုင်ငံသားပြုခွင့်လက်မှတ်တွင် သားသမီး၏အမည်ကို ထည့်သွင်းပေး သင့် မသင့် စိစစ်ဆေးခြင်း၊

(ဃ) စိစစ်ဆေးတွေ့ရှိချက်များအပေါ်မူတည်၍ဗဟိုအဖွဲ့မှ လျှောက်ထားသူအား နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဟုတ် မဟုတ် အဆုံးအဖြတ်ချမှတ်နိုင်ရေးအတွက် သုံးသပ်ချက်၊ အကြံပြုချက်များအား ဗဟိုအဖွဲ့သို့ တိကျစွာတင်ပြခြင်း။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

**စက်ပစ္စည်းကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများရှိ မော်တော်ယာဉ်၊ မီးရထား၊ ရေယာဉ်နှင့် လေယာဉ်အပါအဝင် စက်ပစ္စည်းများ၏ စာရင်းကို စုစည်း၍ စက်ပစ္စည်းအင်အားကို အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် မူဝါဒနှင့် လမ်းညွှန်မှုများချမှတ်နိုင်ရန် **စက်ပစ္စည်းကြီးကြပ်မှုကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဠ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဋ) ဒုတိယလျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စစ်မြေပြင်စစ်ဆေးရေး၊ ပြင်ဆင်ထုတ်လုပ်ရေးနှင့် ဖြည့်တင်းရေးဌာန
လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ဌ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ငွေစာရင်းရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ဍ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
အမျိုးသားစီမံကိန်းဝန်ကြီးဌာန

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသည် စက်ပစ္စည်းကြီးကြပ်မှုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များရှိ စက်ပစ္စည်းများကို စာရင်းကောက်ယူ၍ စာရင်းအင်းများ စနစ်တကျရေးဆွဲခြင်း၊

(ခ) ယာဉ်နှင့် ယန္တရားအပါအဝင် စက်ပစ္စည်းများကို စနစ်တကျအသုံးချမှုနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် လိုအပ်သော ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊

(ဂ) ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၌ ထိန်းသိမ်းထားသောစက်ပစ္စည်းများပြင်ဆင်မှု၊ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ လိုအပ်သော ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊

(ဃ) ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ ရုံးသုံးပရိဘောဂအပါအဝင် စက်ပစ္စည်းများဝယ်ယူခြင်း၊ ရယူခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော ထောက်ခံချက်၊ လမ်းညွှန်မှုနှင့် အကြံဉာဏ်များပေးခြင်း၊

(င) ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက စက်ပစ္စည်းများကို ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ဝယ်ယူရာတွင် စက်ပစ္စည်း အမျိုးအစား၊ စံချိန်စံညွှန်းနှင့် ညီညွတ်စေရန် ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ အကြံဉာဏ်ပေးခြင်းနှင့် လိုအပ်ပါက ဝယ်ယူပေးခြင်း၊

(စ) ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ အတွက် လိုအပ်သည့် ယာဉ်များ၊ ရုံးသုံးစက်ကိရိယာများကို စုပေါင်းဝယ်ယူသည့် ဗဟိုဝယ်ယူရေး စနစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဆ) ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ၊ ချေးငွေနှင့် အထောက်အပံ့ရရှိသည့်အပေါ်တွင် ရေတို/ရေရှည်

အကျိုးဖြစ်ထွန်းမည့် အရည်အသွေးမြင့်၊ Brand Name ရှိသော စက်ပစ္စည်းများကိုသာ ဦးစားပေး ဝယ်ယူရန်နှင့် ဈေးငွေဖြင့် Luxury ပစ္စည်းများ၊ ယာဉ်၊ ပရိဘောဂများ ဝယ်ယူမှုကို ကန့်သတ်ခြင်း၊

( ဓ ) အထောက်အပံ့ရရှိသည့် (ငွေ/ပစ္စည်း) များနှင့်ပတ်သက်၍ လုပ်ငန်းအတွက် လိုအပ်သည့်ပစ္စည်း/ နည်းပညာတို့ကိုရရှိရေး ဦးစားပေးဆောင်ရွက်ရန်နှင့် Luxury ပစ္စည်းများ တောင်းခံခြင်းကို ကန့်သတ်ခြင်း၊

( ဈ ) ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် လုပ်ငန်းစီမံကိန်းများအတွက် ဘတ်ဂျက်လျာထားမှုများတွင် လုပ်ငန်းနှင့်တိုက်ရိုက် သက်ဆိုင်သည့် စက်ပစ္စည်းများမှအပ အခြားစက်ပစ္စည်းများ ပါဝင်မှုမရှိစေရန်နှင့် ပါဝင်မည့်ပစ္စည်း (Items) များကို ရှင်းလင်းစွာဖော်ပြလျာထားဆောင်ရွက်ရန် ကြီးကြပ်ခြင်း၊

(ည) ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ များ၏ ကုန်သွယ်မှုလုပ်ငန်းနှင့် ထုတ်လုပ်မှုလုပ်ငန်းများအတွက် ဝယ်ယူမည့်စက်ပစ္စည်းများနှင့် စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်းနှင့် လမ်းညွှန်ခြင်း၊

( ဋ ) ပုဂ္ဂလိကအသင်း၊ အဖွဲ့အစည်းများသို့ စက်ပစ္စည်းများ ထုတ်ပေးငှားရမ်းခြင်းအတွက် သင့်လျော်သော ငှားရမ်းခနှုန်းထားသတ်မှတ်ပေးခြင်း၊

( ဌ ) ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ စက်ပစ္စည်းများကို လိုအပ်ပါက အခြားပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း (၂၀၁၇)၊ အခန်း (၁၉)၊ ပုဒ်မ (၂၃၃) ပါ သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းပေးခြင်း၊

( ဍ ) ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များရှိ စက်ပစ္စည်းများကိုစစ်ဆေး၍ တန်ဖိုးသတ်မှတ်ပေးခြင်း၊

( ဎ ) IT စက်ပစ္စည်းများကို စနစ်တကျအသုံးချမှု၊ ပြင်ဆင်မှု၊ ထိန်းသိမ်းထားရှိမှုတို့နှင့်ပတ်သက်၍ လိုအပ်သည့် ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊

(ဏ) ဈေးငွေ/အထောက်အပံ့တို့ဖြင့် ကျခံသုံးစွဲမည့် IT စီမံကိန်းများ Duplicate မဖြစ်စေရေး စိစစ်ဆောင်ရွက် ခြင်း၊

(တ) စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် ယင်း၏လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာ၌ လုပ်ငန်း အလျောက်လိုအပ်ပါက ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များကိုဖိတ်ကြား၍ ဆွေးနွေးခြင်း၊ အကြံဉာဏ်ရယူခြင်း။

၄။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် မိမိလုပ်ငန်းတာဝန်ကို အောင်မြင်စွာဆောင်ရွက်နိုင်ရေး အတွက် ကော်မတီအစည်းအဝေးများကို လိုအပ်သလို ကျင်းပနိုင်သည်။

၅။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ ရုံးလုပ်ငန်းများကို အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဗဟို စက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

## ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ **ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်း ကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လုပ်ငန်း/ကဏ္ဍများအလိုက် သက်သာသည့်အတိုးနှုန်းဖြင့် ခွင့်ပြုထုတ်ပေးထားသည့် ချေးငွေများအား ပြန်လည်ကောက်ခံရန်၊ ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီများအား စီမံခန့်ခွဲမှုနည်းလမ်းများ ချမှတ်အရေးယူဆောင်ရွက်ရန်၊

(ခ) ပြန်လည်ပေးဆပ်ရန်ပျက်ကွက်သည့် စီးပွားရေးလုပ်ငန်းများအား ချေးငွေသဘောတူစာချုပ်ပါ ဝန်ခံကတိ အရ တည်ဆဲဥပဒေ၊ ဘဏ်လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အရေးယူ ဆောင်ရွက်ရန်၊

( ဂ ) စီမံခန့်ခွဲမှုနည်းလမ်းဆိုင်ရာလုပ်ထုံးလုပ်နည်း (Standard Operating Procedures–SOPs) ရေးဆွဲအတည်ပြုပြီးပါက စီးပွားရေးမှတ်ပုံတင်၊ ခွင့်ပြုမိန့်၊ လိုင်စင်တို့ဖြင့် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းများအား မှတ်ပုံတင်ပြန်လည်ရုပ်သိမ်းခြင်း၊ Blacklist ရေးသွင်းခြင်းနှင့် ချေးငွေပြန်လည်ပေးဆပ်လာပါက မူလအခြေအနေသို့ ပြန်လည်ဖြေလျှော့ပေးရန်၊

(ဃ) ချေးငွေ အတိုး၊ အရင်းမပေးဆပ်သည့် စီးပွားရေးမှတ်ပုံတင်၊ ခွင့်ပြုမိန့်၊ လိုင်စင်မရှိသောလုပ်ငန်းများအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ အရေးယူဆောင်ရွက်နိုင်ရေး အကြောင်းကြားရန်၊

( င ) အလီလီပေးဆပ်နေသည့် ကုမ္ပဏီ/လုပ်ငန်းများနှင့် အတိုးပေး အရင်းမဆပ်သည့် ကုမ္ပဏီ/လုပ်ငန်းများအား ကာလသတ်မှတ်၍ အပြေအကျေ ပေးဆပ်နိုင်ရေး အသိပေးအကြောင်းကြားရန်နှင့် စည်းရုံးဆောင်ရွက်ရန်၊

( စ ) တိုင်းဒေသကြီး/ပြည်နယ် စိစစ်ကြပ်မတ်ရေးအဖွဲ့များအား ဖွဲ့စည်းစီမံကြီးကြပ်ဆောင်ရွက်ရန်၊

(ဆ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကြီးကြပ်စီမံခန့်ခွဲရန်၊

( ဇ ) ကိုဗစ်-၁၉ ချေးငွေပြန်လည်ပေးဆပ်ခြင်းနှင့်စပ်လျဉ်း၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ သုံးသပ်အကြံပြုတင်ပြရန်၊

(ဈ) အခါအားလျော်စွာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက သီးခြားပေးအပ်သည့်တာဝန်များကို ကြီးကြပ်စိစစ်ဆောင်ရွက်ရန်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၈၅/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ၂၀၂၆ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေ ပုဒ်မ ၂၅ အရ အောက်ဖော်ပြပါ နေ့ရက်များမှာ အများပြည်သူတို့၏ အလုပ်ပိတ်ရက်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | နေ့ | ရက် | အရေအတွက် |
|---|---|---|---|
| ၁။ | နိုင်ငံတကာနှစ်သစ်ကူးရုံးပိတ်ရက်များ | ၁-၁-၂၀၂၆ မှ<br>၂-၁-၂၀၂၆ ထိ | ၂ ရက် |
| ၂။ | လွတ်လပ်ရေးနေ့ | ၄-၁-၂၀၂၆ | ၁ ရက် |
| ၃။ | ပြည်ထောင်စုနေ့ ရုံးပိတ်ရက်များ | ၁၂-၂-၂၀၂၆ မှ<br>၁၃-၂-၂၀၂၆ ထိ | ၂ ရက် |
| ၄။ | တရုတ်နှစ်သစ်ကူးရုံးပိတ်ရက်များ | ၁၆-၂-၂၀၂၆ မှ<br>၁၇-၂-၂၀၂၆ ထိ | ၂ ရက် |
| ၅။ | တောင်သူလယ်သမားနေ့ | ၂-၃-၂၀၂၆ | ၁ ရက် |
| ၆။ | တပေါင်းလပြည့်နေ့ | ၂-၃-၂၀၂၆ | ၁ ရက် |
| ၇။ | တပ်မတော်နေ့ | ၂၇-၃-၂၀၂၆ | ၁ ရက် |

| စဉ် | နေ့ | ရက် | အရေအတွက် |
|---|---|---|---|
| ၈။ | မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များ (သင်္ကြန်အကြိုနေ့ မတိုင်မီ ၂ ရက်မှစ၍ ၉ ရက်တိတိ) | ၁၁-၄-၂၀၂၆ မှ ၁၉-၄-၂၀၂၆ ထိ | ၉ ရက် |
| ၉။ | ကဆုန်လပြည့်နေ့ | ၃၀-၄-၂၀၂၆ | ၁ ရက် |
| ၁၀။ | ကမ္ဘာ့အလုပ်သမားနေ့ | ၁-၅-၂၀၂၆ | ၁ ရက် |
| ၁၁။ | အာဇာနည်နေ့ | ၁၉-၇-၂၀၂၆ | ၁ ရက် |
| ၁၂။ | ဝါဆိုလပြည့်နေ့ | ၂၉-၇-၂၀၂၆ | ၁ ရက် |
| ၁၃။ | သီတင်းကျွတ်ရုံးပိတ်ရက်များ [အဖိတ်နေ့၊ လပြည့်နေ့၊ လပြည့်ကျော် (၁) ရက်နေ့] | ၂၅-၁၀-၂၀၂၆ မှ ၂၇-၁၀-၂၀၂၆ ထိ | ၃ ရက် |
| ၁၄။ | တန်ဆောင်တိုင်ရုံးပိတ်ရက်များ (အဖိတ်နေ့၊ လပြည့်နေ့) | ၂၃-၁၁-၂၀၂၆ မှ ၂၄-၁၁-၂၀၂၆ ထိ | ၂ ရက် |
| ၁၅။ | အမျိုးသားအောင်ပွဲနေ့ | ၄-၁၂-၂၀၂၆ | ၁ ရက် |
| ၁၆။ | ခရစ္စမတ်နေ့ | ၂၅-၁၂-၂၀၂၆ | ၁ ရက် |
| ၁၇။ | အီဒုလ်အဿွဟာနေ့ | X | ၁ ရက် |
| ၁၈။ | ဒီပါဝလီနေ့ | X | ၁ ရက် |

မှတ်ချက်။ (၁) ကရင်နှစ်သစ်ကူးနေ့ (ပြာသိုလဆန်း ၁ ရက်) သည် ၂၀၂၆ ခုနှစ်အတွင်း ကျရောက်ခြင်း မရှိပါ။

(၂) အီဒုလ်အဿွဟာ (ကုရ်ဘာနီအီးဒ်) နေ့နှင့် ဒီပါဝလီနေ့များအတွက် ကျရောက်မည့် နေ့ရက်များကို သီးခြားကြေညာပါမည်။

(၃) ဘဏ်ပိတ်ရက်များကို သက်ဆိုင်ရာအဖွဲ့အစည်းက ကြေညာမည်ဖြစ်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၆၉၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ လှည်းကူးခရိုင်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယဦးစီးမှူး ဦးဇေယျာဟိန်း (တ/၃၈၇၂) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာဒွေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၆၉၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့်ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့်မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးမြတ်စက်ထွဋ်<br>တ/ ၃၄၇၈ | မော်လမြိုင်<br>မွန်ပြည်နယ် |
| ၂။ | ဦးဆုထူးပန်<br>တ/၃၆၄၃ | အိမ်မဲ<br>ဧရာဝတီတိုင်းဒေသကြီး |

သာထွေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၆၉၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ တောင်ငူမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး ဦးဘုန်းမြတ်မင်း (တ/၃၇၆၅) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာထွေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၇၀၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများ အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့်ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့်မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးကျော်ဇောဟိန်း<br>တ/ ၃၂၃၅ | မြောင်<br>စစ်ကိုင်းတိုင်းဒေသကြီး |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၂။ | ဦးသက်ပိုင်ဦး<br>တ/၃၂၅၆ | မင်းလှ<br>မကွေးတိုင်းဒေသကြီး |
